ရောင်းချရန်ကြော်ငြာစာ

( တရားမကျင့်ထုံးဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆ )

မဟာအောင်မြေခရိုင်တရားရုံးတော်

၂၀၂၂ ခုနှစ်၊ တရားမစာရင်းမှုအမှတ်-၃၄၇

| | | |
|---|---|---|
| ၁။ ဒေါ်ဆွေဆွေ<br>၂။ ဦးဇော်ဝင်း | နှင့် | ဦးကျော်ဝင်း |
| ဒီကရီအနိုင်ရသူများ | | တရားရှုံး |

မဟာအောင်မြေခရိုင်တရားရုံးတော်၊ တရားမကြီးမှုအမှတ်- ၁၃၁/၂၀၁၄ အမှုတွင် အနိုင် ဒီကရီကို အတည်ပြုဆောင်ရွက်ရန်အတွက် အောက်တွင်ဖော်ပြထားသော ပစ္စည်းကို ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီ လ၊ ၁၅ ရက်၊ နံနက် (၁၀) နာရီတွင် ၎င်းပစ္စည်းတည်ရှိရာအရပ်၌ လေလံတင် ရောင်းချလိမ့်မည်။ ကိုယ်တိုင်သော်လည်းကောင်း၊ တရားဝင်လွှဲအပ်သည့် ကိုယ်စားလှယ်ဖြင့်သော် လည်းကောင်း၊ လေလံဆွဲဝယ်ယူနိုင်ကြောင်း ကြေညာလိုက်သည်။

လေလံတင်ရောင်းချမည့် စည်းကမ်းများ

၁။ ပစ္စည်းစာရင်းတွင် ဖော်ပြထားသော အချက်အလက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်အရ သိရသမျှ ဖြစ်သည်။ မှားယွင်းခြင်း၊ ကြွင်းကျန်ခြင်း တစုံတရာပေါ်ပေါက် ပါက တရားရုံးက တာဝန်ယူမည်မဟုတ်ပါ။တရားရှုံး၏အကျိုးသက်ဆိုင်သမျှကိုသာ ရောင်းချ လိမ့်မည့်အကြောင်း၊ လေလံဆွဲ ဝယ်မည့်သူတို့အား အထူးသတိပြုရန် နှိုးဆော်လိုက်သည်။

၂။ လေလံတင် ရောင်းချမည့် နည်းစနစ်ကို ရောင်းချသူအရာရှိက သတ်မှတ်သည့် အတိုင်း ရောင်းချမည် ဖြစ်သည်။

၃။ ဈေးနှုန်းအမြင့်ဆုံး ဝယ်ယူသူအား လေလံဆွဲဝယ်ယူသူအဖြစ် သတ်မှတ်မည်။ သို့သော် အမြင့်ဆုံးပေးသည့်ဈေးနှုန်းမှာ ရောင်းချသည့်ပစ္စည်းအတွက် လက်ခံရန်မသင့်ကြောင်း ရောင်းချသူအရာရှိ က ထင်မြင်လျှင် လက်မခံဘဲ ငြင်းပယ်ပိုင်ခွင့်ရှိသည်။

၄။ လေလံတင်ရောင်းချပြီး မရွှေ့မပြောင်းနိုင်သော ပစ္စည်းအတွက် လေလံဆွဲဝယ်သူ က ငွေကျပ် ၁၀၀ လျှင် ၂၅ ကျပ်ကို လေလံဆွဲဝယ်ယူပြီးသည်နှင့် တစ်ပြိုင်နက် နေ့ချင်း ပေးသွင်းရမည်။ ထိုသို့ ပေးသွင်း ခြင်းမပြုလျှင် တစ်ဖန် ပြန်လည် လေလံတင်ရောင်းချလိမ့်မည်။

၅။ လေလံဆွဲဝယ်သူများသည် ရောင်းချသည့် အရာရှိကသတ်မှတ်ထားသည့် စပေါ် ငွေကို တင်သွင်းမှသာ လေလံဆွဲဝယ်ယူခွင့်ရှိရမည်။

၆။ လေလံဆွဲဝယ်ယူရရှိသူသည် ၂၅ ရာခိုင်နှုန်း နေ့ချင်းပေးသွင်းပြီးနောက် ကျန်ငွေ များကို လေလံတင် ရောင်းချသည့်နေ့ကိုပယ်၍ ၁၅ ရက်မြောက်နေ့ ရုံးဆင်းချိန် မတိုင်မီ ပေးဆောင်ရမည်။ ၁၅ ရက်မြောက်သည့်နေ့သည် ရုံးပိတ်ရက်ဖြစ်လျှင် ပထမရုံးဖွင့်သည့်နေ့တွင် အပြေအကျေ ပေးသွင်းရမည်။

၇။ လေလံကျန်ငွေများကို အထက်ပါနေ့ရက်များကို ပေးဆောင်ရန် ပျက်ကွက်ပါက ပစ္စည်းကို တစ်ဖန် လေလံတင် ရောင်းချလိမ့်မည်။ ပေးသွင်းထားသည့် လေလံငွေများကို ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းခံရမည်။

၂၀၂၃ ခုနှစ်၊ နိုဝင်ဘာ လ ၃၀ ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ လေလံတင်ရောင်းချရန် ကြော်ငြာစာ ထုတ်ပေးလိုက်သည်။

(ရဲလွင်)
ခရိုင်တရားသူကြီး
မဟာအောင်မြေခရိုင်တရားရုံး

ပစ္စည်းစာရင်း

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ အောင်နန်းရိပ်သာ အရှေ့ရပ်ကွက်၊ အကွက်အမှတ် (၅၈၂) ဦးပိုင်အမှတ် (၆၁)၊ ဧရိယာ (၀.၀၃၄၀) ဧကရှိ ဘိုးဘွားပိုင်မြေနှင့် မြေပေါ်ရှိ အဆောက်အဦး။

လေလံကြမ်းခင်းဈေး ကျပ်သိန်း (၆၀၀၀)

ကြော်ငြာပြန်သွင်းရန် (၁၂.၁၂.၂၀၂၃)

ကပ်ရန်

- မဟာအောင်မြေခရိုင်တရားရုံး ကြော်ငြာသင်ပုန်း။
- ချမ်းအေးသာစံမြို့နယ်တရားရုံး ကြော်ငြာသင်ပုန်း။
- အောင်နန်းရိပ်သာ အရှေ့ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၊ ကြော်ငြာသင်ပုန်း။
- အချင်းဖြစ်ပစ္စည်းတည်ရှိရာနေရာ။
- အမှုတွဲလက်ခံ။